Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၈၇) နေ့စွဲ။ ၁၉.၁၁.၂၀၁၅ (ကြာသပတေးနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၁၉.၁၁.၁၅ | Daily Eleven Pg (4) | သူရဦးရွှေမန်း | **သူရဦးရွှေမန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပူးတွဲဥက္ကဋ္ဌ ဦးဌေးဦးတို့ သီးခြားစီတွေ့ဆုံ** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပူးတွဲဥက္ကဋ္ဌ ဦးဌေးဦးတို့ နိုဝင်ဘာ ၁၈ ရက်နေ့က နံနက်ပိုင်းက ပြည်သူ့လွှတ်တော်ရုံးခန်း၌ တွေ့ဆုံခဲ့ကြသည်ဟုသိရသည်။ တွေ့ဆုံမှုနှင့်ပတ်သက်၍ ဦးဌေးဦးကသာကြောင်းမာကြောင်းသာ မေးမြန်းပြောဆိုပြီး ထူးထူးခြားခြားပြောဆိုဆွေးနွေးခြင်းမရှိကြောင်းပြောသည်။ သူရဦးရွှေမန်းအနေဖြင့် နိုဝင်ဘာ ၁၇ ရက်နေ့ကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယနေ့တွင် ထပ်မံတွေ့ဆုံသွားမည်ဖြစ်သည်။ |
| ၂ | ၁၉.၁၁.၁၅ | Daily Eleven Pg (16) | သူရဦးရွှေမန်း | **NLD အနေဖြင့် ပြည်သူ့အကျိုးဆောင်နိုင်သည့် မူဝါဒကို ကျင့်သုံးမည်ဟု ယုံကြည်ကြောင်း သူရဦးရွှေမန်းပြော** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပြည်သူ့အကျိုးဆောင်နိုင်သည့် မူဝါဒကိုကျင့်သုံးမည်ဟုယုံကြည်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက နိုဝင်ဘာ ၁၈ ရက်နေ့က ဆင်ဟွာသတင်းဌာနနှင့် သီးသန့်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။ NLD အနေဖြင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါက ပိုအဆင်ပြေကြောင်း၊ နိုင်ငံသားအများစုအနေဖြင့် NLD အား အနိုင်ပေးလိုက်ခြင်းမှာ တာဝန်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အာဏာရပါတီအနေဖြင့် ပြည်သူ့ဆန္ဒအရ အာဏာလွှဲပြောင်း ပေးရမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။ အစိုးရသစ်လက်ထက်တွင် တရုတ်- မြန်မာဆက်ဆံရေး အခြေအနေသည် စိုးရိမ်ပူပန်စရာမရှိဘဲ ပိုမိုကောင်းမွန်လာနိုင်ကြောင်း၊ တရုတ်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရာတွင် ယခုထက်ပိုမိုပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆောင်ရွက်ပါက ရင်းနှီးမြှုပ်နှံမှု ပိုမိုကောင်းမွန်လာနိုင်သည်ဟုလည်း ဦးရွှေမန်းက ပြောကြားခဲ့သည်။ |
| ၃ | ၁၉.၁၁.၁၅ | 7 Day Daily No (922) p (1,2) | ဒေါ်အောင်ဆန်းစုကြည် | **ဒေါ်အောင်ဆန်းစုကြည်ကို တရုတ်သံအမတ် လာရောက်တွေ့ဆုံ** ရွေးကောက်ပွဲတွင် အနိုင်ရအမျိုးသားဒီမိုကရေစီပါတီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို တရုတ်သံအမတ် ဟုန်လျန် |

| | | | | |
|---|---|---|---|---|
| | | The Voice Daily Vol (3) No (139)<br>စံတော်ချိန်<br>အတွဲ(၃)<br>အမှတ် (၉၃၉)<br>p (1,3) | | မှ နိုဝင်ဘာ ၁၈ ရက်က လာရောက်တွေ့ဆုံခဲ့သည်။ ဟုန်လျန်သည် အတိုက်အခံခေါင်းဆောင် ရွေးကောက်ပွဲ အနိုင်ရပြီးနောက် နိုင်ငံတကာ သံအမတ်များထဲတွင် ပထမဆုံး လာရောက်တွေ့ဆုံသူဖြစ်သည်။ ယခုကဲ့သို့ တရုတ်သံအမတ်နှင့် တွေ့ဆုံခြင်းမပြုမီ နိုဝင်ဘာ ၁၇ ရက်က တရုတ်သတင်းဌာန တစ်ခု ဖြစ်သည့် ဆင်ဟွာ သတင်းဌာနသည် ဒေါ်အောင်ဆန်းစုကြည်နှင့် သီးသန့်တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့သည်။ တွေ့ဆုံရာတွင် ဆွေးနွေးသည့် အကြောင်းအရာကို ထုတ်ပြန်ခြင်းမရှိပေ။ မြန်မာနိုင်ငံတွင် ထိရောက်အောင်မြင်စွာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မည်သည့်နိုင်ငံဖြစ်စေအလိုအပ်ဆုံးမှာ ပြည်သူများ၏ ယုံကြည်မှုကိုရယူရန်ဖြစ်ပြီး ပြည်သူများက ယင်းနိုင်ငံများနှင့် စီးပွားရေးအရ ဆက်ဆံရေးသည် မိမိတို့ နိုင်ငံကို အကျိုးပြုပါသလားဆိုသည်ကို သဘောပေါက်ပါက သဘောပေါက်သလောက် တိုးတက်မည်ဖြစ်ပြီး ဆက်ဆံရေးများ ပိုမိုနွေးထွေးသွားမည်ဖြစ်ကြောင်း တရုတ်သတင်းဌာနတစ်ခုနှင့် အင်တာဗျူးတစ်ခုတွင် ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။<br>ငြိမ်းငြိမ်းပြည့်၊ ရန်မျိုးနိုင် |
| ၄ | ၁၉.၁၁.၁၅ | Daily Eleven<br>Pg (2, 3) | လွှတ်တော် | **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်တွင် အခွန်အကောက်မှာ ယခင်နှစ်အလားတူကာလထက် ဘီလျံ ၈၇၀ ကျော် လျော့နည်းနေ၍ အမြန်ဆုံးအဖြေရှာသင့်ကြောင်း ပြည်ထောင်စု လွှတ်တော် ပူးပေါင်းကော်မတီ တိုက်တွန်း**<br>၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်၌ အခွန်အကောက်မှာ ယခင် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် အလားတူကာလထက်ဘီလျံပေါင်း ၈၇၀ ကျော် လျော့နည်းနေသည့်အတွက် အမြန်ဆုံး အဖြေရှာသင့်ကြောင်း ပြည်ထောင်စုလွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီက နိုဝင်ဘာ ၁၈ ရက်နေ့ပြုလုပ်သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။ အစီရင်ခံစာနှင့်ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။ ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီမှ အတွင်းရေးမှူး ဦးအေးမောက်က ကမ္ဘာ့နိုင်ငံကြီးများ၊ အာဆီယံနိုင်ငံများ၏ စီးပွားရေးအတက်အကျကို ဖော်ပြရာတွင် မြန်မာနိုင်ငံနှင့် ဆက်စပ်သက်ရောက်နိုင်ခြင်းကို ယခုထက် ပိုမိုဆက်စပ်ဖော်ပြသင့်ကြောင်း ပြောကြားကာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုလွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ တင်ပြချက်များကို အလေးထားစဉ်းစားဆောင်ရွက်ပေးရန်လည်း ဦးအေးမောက်က ရှင်းလင်းပြောကြားခဲ့သည်။ |

| | | | | |
|---|---|---|---|---|
| ၅ | ၁၉.၁၁.၁၅ | Daily Eleven<br>Pg (2, 3) | လွှတ်တော် | **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ပြည်သူ့လွှတ်တော်သို့ တင်သွင်း**<br>နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက နိုဝင်ဘာ ၁၈ ရက်နေ့က ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တင်သွင်းခဲ့သည်။ ဥပဒေကြမ်းနှစ်ခုအား ပြင်ဆင်ချက်များဖြင့် တင်သွင်းခဲ့ခြင်းဖြစ်သည်။ လုပ်ပိုင်ခွင့်ခွဲဝေပေးနိုင်သည့် အခွင့်အာဏာနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များထည့်သွင်းရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုပေးနိုင်ပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ရည်မှန်းချက်တစ်ခုဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်တင်သွင်းခြင်းဖြစ်ကြောင်း ယင်းအဆိုတင်သွင်းသည့် ဒုဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ပြောသည်။ |
| ၆ | ၁၉.၁၁.၁၅ | 7 Day Daily<br>No (922) p<br>(6) | လွှတ်တော် | **ထောင်ခုနစ်နှစ်ထိ ချမှတ်နိုင်သည့် လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လွှတ်တော်သို့တင်သွင်း**<br>ဗြိတိသျှ ကိုလိုနီခေတ်က လက်နက်အက်ဥပဒေသည် ကာလနှင့်မကိုက်ညီတော့သည့်အတွက် ထောင်ဒဏ်နှင့် ငွေဒဏ်များတိုးမြှင့်သတ်မှတ်ထားသော လက်နက်အက်ဥပဒေ ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနက အမျိုးသားလွှတ်တော်သို့ နိုဝင်ဘာ ၁၈ ရက်တွင် တင်သွင်းသည်။ ယခုပြင်ဆင်လိုက်သည့် လက်နက်အက်ဥပဒေကြမ်းတွင် တိုးမြှင့်သတ်မှတ်ထားသော ပြစ်ဒဏ်များသည် ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ်ကျပ်ငါးသိန်းဖြစ်သည်။ ၁၉၅၁ လက်နက်အက်ဥပဒေတွင် နိုင်ငံတော်ပုန်ကန်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်နှင့် ခဲယမ်းမီးကျောက်များကိုင်ဆောင်ခြင်း (သို့) ကြီးကြပ်မှုအောက်တွင်ထားရှိခြင်းတို့အတွက် လက်နက်အက်ဥပဒေပုဒ်မ ၁၉ ၏ နောက်တွင် ပုဒ်မ ၁၉ (က) အဖြစ် ထောင်ဒဏ်ခုနစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်ရန် သီးခြားပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပုဒ်မ ၁၉ (က) တွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ယာယီ အဖြစ် ပြဋ္ဌာန်းခြင်းမပြုဘဲ ယခုပြင်ဆင်လိုသည့် ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ်ကျပ်ငါးသိန်းပြစ်ဒဏ်တို့ကို ဖြည့်စွက်ပြင်ဆင်သင့်ကြောင်း လက်နက်ဥပဒေ ပြင်ဆင်သည့် ဥပဒေကြမ်းအစီရင်ခံစာတွင် ပါရှိသည်။ |

| | | | | |
|---|---|---|---|---|
| | | | | ရဲနိုင် |
| ၇ | ၁၉.၁၁.၁၅ | မြန်မာပို့စ် ဂလိုဘယ် အမှတ် (၂၃၆) p (3) | လွှတ်တော် | **NLD အစိုးရဖွဲ့ပြီးပါက လက်ရှိပြဋ္ဌာန်းပြီးသာ လယ်ယာမြေဥပဒေ ကို ပြင်ဆင်ပေးရန် တောင်သူလယ်သမားများ တောင်းဆိုမည်**<br>လက်ရှိပြဋ္ဌာန်းထားသည့် လယ်ယာမြေနှင့် ပတ်သက်သည့်ဥပဒေတွေက တောင်သူလယ်သမားများအတွက် အကျိုးမရှိသည့်အတွက် NLD အစိုးရဖွဲ့ပြီးပါက ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းပေးရန် တောင်းဆိုမည်ဖြစ်ကြောင်း လယ်သိမ်းခံတောင်သူလယ်သမားများကဆိုသည်။ လက်ရှိ လွှတ်တော်က ပြဋ္ဌာန်းထားသည့် ၂၀၁၂ လယ်ယာမြေ ဥပဒေအပါအဝင် မြေလွတ်မြေရိုင်းဥပဒေ၊ တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်ရေးနှင့် မြှင့်တင်ရေး ဥပဒေတွေကိုလည်း ပြင်ဆင်စေလိုကြောင်း ထုတ်ဖော်ပြောသည်။ တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ဖို့အတွက် တောင်သူလယ်သမားညီလာခံတစ်ရပ်ခေါ်ယူကာ ပြည်ထောင်စုတိုင်းရင်းသား တောင်သူလယ်သမားသမဂ္ဂကြီးတစ်ခု ပေါ်ပေါက်လာရန် လုပ်ဆောင်နေကြောင်း တောင်သူလယ်သမားအကြိုညီလာခံဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။<br>အလင်းဒီ |
| ၈ | ၁၉.၁၁.၁၅ | The Messenger Pg (5) | USDP | **တပ်မတော်အစိုးရနှင့် လက်ရှိအစိုးရကို တွဲမြင်သောကြောင့် ပြည်ခိုင်ဖြိုး ရှုံးနိမ့်ရခြင်းဖြစ်ဟု ဘဏ္ဍာရေးဝန်ကြီး ပြော**<br>ပြည်သူများအနေဖြင့် နှစ်ပေါင်းများစွာ အုပ်ချုပ်လာခဲ့သည့် တပ်မတော်အစိုးရနှင့် လက်ရှိအစိုးရအား တွဲမြင်နေသောကြောင့် ရွေးကောက်ပွဲ၌ ပြည်ခိုင်ဖြိုးပါတီ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်း ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုက ပြောကြားသည်။ ယင်းသို့ ယခင်တပ်မတော်အစိုးရနှင့် အတူတူဟုသတ်မှတ်သောကြောင့် မိမိတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များမှာ မအောင်မြင်ခြင်းဖြစ်သည်ဟုဆိုသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း အစိုးရအဖွဲ့ဝန်ကြီးများအလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည်။ ရွေးကောက်ပွဲရလဒ်အတိုင်း နောင်အစိုးရအား ငြိမ်းငြိမ်းချမ်းချမ်း အာဏာလွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် အစိုးရအဖွဲ့သစ်အား အကြံပြုခွင့်မရမည်ဆိုပါက အပြုသဘောဆောင်သည့် ပုံစံဖြင့် ဆွေးနွေးဆောင်ရွက်ပေးသွားမည်ဟု ဦးဝင်းကို ပြောသည်။ |
| ၉ | ၁၉.၁၁.၁၅ | 7 Day Daily No (922) p (1,2) | ငြိမ်းချမ်းရေး | **တိုက်ပွဲများက အစိုးရသစ်ကို အဆက်တွေ့နိုင်ဟု နိုင်ငံရေးအင်အားစုများ သုံးသပ်**<br>မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေခြင်းသည် လာမည့် အစိုးရသစ်ကို အခက်အခဲတွေ့စေနိုင်ကြောင်း နိုင်ငံရေးအင်အားစုများက သုံးသပ်ထားသည်။ နိုင်ငံတော် အာဏာအလွှဲအပြောင်းကာလတွင် တိုက်ပွဲများမဖြစ်ပွားသင့်ဘဲ ယင်းသို့တိုက်ပွဲများဖြစ် |

| | | | | |
|---|---|---|---|---|
| | | | | နေခြင်းသည် နိုင်ငံတစ်ခုတည်ဆောက်ရန် အရေးကြီးသည့် အမျိုးသားညီညွတ်ရေးကိုပြိုကွဲစေကြောင်း ၈၈ မျိုးဆက် ငြိမ်းပွင့်မှ ကိုမြအေးကဆိုသည်။ ငြိမ်းချမ်းရေးမတည်ဆောက်နိုင်လျှင် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်း မအောင်မြင်နိုင်ကြောင်း၊ အစိုးရအသစ်အတွက် အခက်အခဲဖြစ်စေသည့်အတွက် တပ်မတော်အနေဖြင့် တိုက်ပွဲများရပ်တန့်ပြီး ငြိမ်းချမ်းရေးကို အမြန်အကောင်အထည်ဖော်မှသာ အစိုးရအသစ်အတွက်လည်း ရှေ့ဆက်အသွင်ကူးပြောင်းရေးလုပ်ငန်း၊ ဖွဲ့စည်းပုံအခြေခံပြုပြင်ရေး လုပ်ငန်းများကိုပါ အားစိုက်ပြီးလုပ်နိုင်မှာဖြစ်ကြောင်း SNLD ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်ကဆိုသည်။<br>အောင်ခိုင် |
| ၁၀ | ၁၉.၁၁.၁၅ | Daily Eleven Pg (16, 17) | ငြိမ်းချမ်းရေး | **ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီထူထောင်ရန် NLD ပါတီအစိုးရဖွဲ့နိုင်ရေး ဝန်းရံပေးရန် ပြည်သူများအား လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့တိုက်တွန်း**<br>မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ကြီး ရပ်စဲပြီး ခေတ်မီတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး တည်ထောင်နိုင်ရန်အတွက် ရွေးကောက်ပွဲအနိုင်ရပါတီ NLD မှ အစိုးရဖွဲ့စည်းနိုင်ရေးကို တိုင်းရင်းသားမိဘပြည်သူအားလုံး ဝန်းရံပံ့ပိုးကြပါရန် တိုက်တွန်းကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် TNLA၊ AA၊ MNDAA တို့က နိုဝင်ဘာ ၁၈ ရက်နေ့က ပူးတွဲကြေညာချက်ထုတ်ပြန်လိုက်သည်။ လက်ရှိအစိုးရ၏ မအောင်မြင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အနိုင်ရပါတီမှ သေချာစွာသုံးသပ်ကာ ပူးပေါင်းအဖြေရှာသွားမည်ဟု ယုံကြည်ကြောင်း၊ ပင်လုံကတိ၊ ပင်လုံစိတ်ဓာတ်ကိုအခြေခံပြီး စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်ရန်အတွက် NLD နှင့် လက်တွဲဖော်ဆောင်ရန် အဆင်သင့်ရှိကြောင်း ကြေညာချက်တွင် သဘောထားထုတ်ဖော်ခဲ့ကြသည်။ |
| ၁၁ | ၁၉.၁၁.၁၅ | 7 Day Daily No (922) p (7)<br>စံတော်ချိန် အတွဲ(၃) အမှတ် (၉၃၉) p (24, 3) | ငြိမ်းချမ်းရေး | **ကလေးငယ်များရှိသည့်နေရာတွင် လက်နက်ကိုင်တိုက်ခိုက်ခြင်း မှ ကာကွယ်ပေးရန် ယူနီဆက်တောင်းဆို**<br>မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည့် လဲချားမြို့နယ် မှ ကလေးငယ် နှစ်ဦးအတွက် ဝမ်းနည်းကြောင်းနှင့် ကလေးငယ်များရှိနေသည့် မည်သည့်နေရာတွင်မဆို လက်နက်ကိုင်တိုက်ခိုက်ခြင်းမျိုးမှ ကာကွယ်ပေးရန် မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များကို ယူနီဆက်ကနိုဝင်ဘာ ၁၈ ရက်က ကြေညာချက်ဖြင့်ထုတ်ပြန်ခဲ့သည်။ နိုဝင် ဘာ ၁၆ ရက်က လဲချားမြို့နယ် မတ်လန်းကျေးရွာတွင် ကြွပ်ကြွပ်အိတ်အတွင်း ထည့်ထားသည့် ဘက်ထရီအိုးနှင့် ပြုလုပ်ထားသည့် မိုင်းကိုကောက်ယူမိသော အသက် (၈) နှစ်နှင့် (၁၃) နှစ် အရွယ် မိန်းကလေးနှစ်ဦး မိုင်းပေါက်ကွဲမှုကြောင့် သေ |

| | | | | |
|---|---|---|---|---|
| | | | | ဆုံးခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် ပုံးသီးများကြောင့်ကလေးငယ် ၁၀ ဦး သေဆုံးခဲ့သည်ဟု ထုတ်ပြန်ထားသည်။<br>အောင်သစ်လွင် |
| ၁၂ | ၁၉.၁၁.၁၅ | 7 Day Daily No (922) p (31) | ငြိမ်းချမ်းရေး | **ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဖွဲ့စည်း**<br>ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို စုစုပေါင်း ကိုယ်စားလှယ် ၂၆ ဦးဖြင့် နိုဝင်ဘာ ၁၈ ရက် နေပြည်တော်တွင် ပြုလုပ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု ဆိုင်ရာ JICM တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ကော်မတီတွင် တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး KNU မှ စောအိုင်းဇက်ဖိုးက ဒုဥက္ကဋ္ဌ (၁)၊ ချင်းအမျိုးသားတပ်ဦးမှ ဒေါက်တာရွှေခါးက အတွင်းရေးမှူး (၁) အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး အရပ်သားကိုယ်စားလှယ် ခြောက်ဦးပါဝင်သည်။ JICM အစည်းအဝေးတွင် နှစ်ဖက်တပ်များ လိုက်နာရမည့်စစ်သည်တော် ကျင့်ဝတ် COC နှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲအတည်ပြုခဲ့သည်။<br>အောင်ခိုင်၊ ပိုင်စိုးသူ |
| ၁၃ | ၁၉.၁၁.၁၅ | The Voice Daily Vol (3) No (139) p (7) | ငြိမ်းချမ်းရေး | **မိုင်းဒဏ်ခံရသူများအတွက် ဂျာမနီငွေ ကျပ်သိန်းခုနစ်ထောင် ထောက်ပံ့**<br>မြန်မာနိုင်ငံ ပြည်နယ်သုံးခုရှိ မိုင်းဒဏ်ခံရကာ ထိခိုက်ဒဏ်ရာရသူများအတွက် ဂျာမနီအစိုးရ ငွေကျပ်သိန်း၇၀၀၀ ထောက်ပံ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံရုံးက သတင်းထုတ်ပြန်သည်။ ဂျာမနီအစိုးရက အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ကိုယ်ကာယ ပြန်လည်သန်စွမ်းရေး စီမံကိန်းအတွက် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယင်းလှူဒါန်းငွေမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ မိုင်းဒဏ်သင့် ပြည်သူများအတွက် သုံးစွဲမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လှူဒါန်းငွေကို ခြေတုတပ်ဆင်ခြင်း၊ ကိုယ်ကာယပြန်လည်သန်စွမ်းရေးစင်တာများ အားထောက်ပံ့ခြင်းနှင့် အခြား ကိုယ်လက်အင်္ဂါ အထောက်အကူပြုပစ္စည်းများအတွက် အသုံးပြုမည်ဖြစ်သည်။<br>ရန်ကုန် |
| ၁၄ | ၁၉.၁၁.၁၅ | The Messenger Pg (2) | 969 | **တစ်လင်တစ်မယား ဥပဒေပုဒ်မဖြင့် အရေးယူမှု (၂၂) မှုအထိရှိ လာ**<br>မျိုးစောင့်ဥပဒေပြဋ္ဌာန်းပြီး ရက်ပေါင်း (၉၀) အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ ပုဒ်မ (၁၃) ဖြင့် အရေးယူမှု (၂၂) မှုအထိ ရှိလာ |

| | | | | |
|---|---|---|---|---|
| | | | | ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှသိရသည်။ အဆိုပါ (၂၂) မှုတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ မှော်ဘီ၊ ဗဟန်း၊ တောင်ဒဂုံမြို့နယ်၊ ခရမ်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကျောက်တန်း၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ တိုက်ကြီး၊ တွံတေး အစရှိသည့်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လှိုင်သာယာမြို့နယ်တွင် အမှုငါးမှုဖြင့် အများဆုံးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ |
| ၁၅ | ၁၉-၂၅.၁၁.၁၅ | ရန်ကုန်တိုင်းမ် အတွဲ (၁၁) အမှတ် (၄၅) Pg (၈) | Other | **ဥပဒေများကို ပြင်ခြင်းထက် တိုင်းပြည်ကို တည်ငြိမ်အောင် ထိန်းသိမ်းသင့်ဟု ဦးဝီရသူ မိန့်ကြား**<br>အစိုးရအဖွဲ့အသစ်ဖြစ်လာမည့် ဥပဒေများကိုပြင်ဆင်ရမည်ဖြစ်သော်လည်း ဥပဒေများကို ပြင်ဆင်ခြင်းထက် တိုင်းပြည်ကို တည်ငြိမ်အောင် ဦးစွာထိန်းသိမ်းသင့်ကြောင်း အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေး (မဘသ) ဆရာတော် ဦးဝီရသူက မိန့်ကြားသည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော ပါတီအားလည်း မုဒိတာပွားပြီး ရှုံးနိမ့်သည့်ပါတီများအပေါ် မေတ္တာထားရမည်ဖြစ်ကြောင်း ဆရာတော်ကမိန့်ကြားသည်။ မဘသအနေဖြင့် မည်သည့်အစိုးရတက်လာသည်ဖြစ်စေ အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို ပုံမှန်အတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ |
| ၁၆ | ၁၉.၁၁.၁၅ | The Voice Daily Vol (3) No (139) p (725 | Other | **မိတ္ထီလာတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသဘောတူစာချုပ် နှစ်ပတ်လည်နေ့ကျင်းပမည်**<br>မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပထမလမ်းမတော်ရှိ စိန့်အန်ထော်နီ ဘုရားရှိခိုးကျောင်းတွင် နိုဝင်ဘာ ၂၁ ရက်က ဘာသာပေါင်းစုံမှ ကလေးငယ်များ စုပေါင်း၍ ကမ္ဘာ့ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပမည်ဖြစ်ကြောင်း ထီလာသုခ သမဂ္ဂီအဖွဲ့ ဥက္ကဋ္ဌဒေါက်တာခင်စိုးက ပြောသည်။ Myanmar Interfaith for Children ၏ စီစဉ်မှုဖြင့် ဒေသခံ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များရှိ ကလေးငယ်များ စုပေါင်း၍ ၂၆ နှစ်မြောက် ကမ္ဘာ့ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်အခမ်းအနားကို မိတ္ထီလာမြို့တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်နေ့တွင် နိုင်ငံပေါင်း ၁၄၀ ခန့်က ကမ္ဘာ့ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်တွင် လက်မှတ်ထိုးခဲ့ကြောင်း၊ ယင်းစာချုပ်သည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာ ၂ ရက်နေ့က အသက်ဝင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ယင်းစာချုပ်တွင် လက်မှတ်ထိုးခဲ့ကြောင်း၊ လက်ရှိတွင် ၁၉၆ နိုင်ငံထိ ပါဝင်လာပြီဖြစ်ကြောင်း သိရသည်။ |

| | | | | |
|---|---|---|---|---|
| | | | | မိတ္ထီလာ |
| ၁၇ | ၁၉.၁၁.၁၅ | The Messenger Pg (4) | Other | **ယခုနှစ်အတွင်း လူကုန်ကူးခံရသူ (၅၀၀) နီးပါးအထိ ရှိ**<br>၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ မြန်မာနိုင်ငံအတွင်း လူကုန်ကူးခံရသူ (၄၉၀) ဦးအထိရှိခဲ့ပြီး ယင်းတို့အထဲမှ (၄၄၁) ဦးကို ပြန်လည်ကယ်နိုင်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။ လူကုန်ကူးခံရသူအများစုမှာ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ကချင်ပြည်နယ်တို့မှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသို့ တင်ပို့ခံရခြင်းဖြစ်ကာ အဓမ္မလက်ထပ်ခြင်း၊ အဓမ္မစေခိုင်းမှုနှင့် ပြည့်တန်ဆာမှုများကျူးလွန်ခံခဲ့ကြရသည်ဟု မန္တလေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှုရဲမှူး ဖေသိန်းကျော်က ပြောသည်။<br>T.L.H |

## ONLINE NEWS

## HLUTTAW

### လွှတ်တော်သစ် ခေါ်ယူနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ဒေါ်အောင်ဆန်း စုကြည်နှင့် ဦးရွှေမန်း သဘောတူ

19.11.2015

နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့ သည့် ၂၀၁၅ ရွေးကောက်ပွဲရလဒ် အရ လွှတ်တော်သစ်များ ခေါ်ယူနိုင်ရေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းတို့ ပူးပေါင်းဆောင်ရွက်ရန်၂ ဖက်ပူးတွဲထုတ်ပြန်သောကြေညာချက်အရသိရှိရသည်။၂ဖက်တွေ့ဆုံပွဲအပြီး ပူးတွဲထုတ်ပြန်သောကြေညာချက်တွင်အချက် ၅ချက်ပါဝင်ပြီးရွေးကောက်ပွဲမှထွက်ပေါ်လာသည့် ပြည်သူ့ဆန္ဒကိုတည်ငြိမ်အေးချမ်းစွာ စနစ်တကျ အကောင် အထည်ဖော်ခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြင့်မားရေးနှင့် ပြည်သူပြည်သားများ နလုံးစိတ်ဝမ်းအေးချမ်းမှုရရှိစေရန်၊ပြည်သူ့အသံလွှတ်တော်အသံ၊ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ပြည်သူတို့၏မျှော်လင့်ချက်လွှတ်တော်ကဖော်ဆောင်ရွက် ဆိုသည့် လွှတ်တော်၏ မူဝါဒဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ရွေးချယ်တာဝန်ပေးမှုကိုဆက်လက်အကောင်အထည်ဖော်ရန်၊လွှတ်တော်များဖွဲ့စည်းရာတွင်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ကိုပါ အလေးအနက်ထား ရှေးရှု ဆောင်ရွက်ရန်၊ လွှတ်တော် ဆိုင်ရာ ကိစ္စရပ်များ၊ အခြားအရေးကြီးသော လုပ်ငန်းတာဝန်များအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ယုံကြည် လေးစားပြီး သဟဇာတဖြစ်သောအစဉ်အလာကောင်းများ ချမှတ်နိုင်ရန်၊ဒုတိယအကြိမ်လွှတ်တော်များကို ဥပဒေနှင့်အညီခေါ်ယူဖွဲ့စည်းနိုင်ရန် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

http://mobile.irrawaddy.org/news/2015/11/19/101842.html

http://www.rfa.org/burmese/news/dassk-shwemann-meet-11182015231915.html

### အပစ်ရပ်သဘောတူစာချုပ် လွှတ်တော်တွင် တင်သွင်းမည်

19.11.2015

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ဖွဲ့ ရေးထိုးထားသည့် NCA စာချုပ်ကို လက်ရှိလွှတ်တော်အစည်းအဝေး တွင် တင်သွင်းသွားမည်ဟု ယနေ့ နေပြည်တော် တွင် ကျင်းပသည့် NCA အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး JICM အပြီးတွင် PNLO မှ ဗိုလ်မှူးကြီး ခွန်ဥက္ကာ က ပြောပါ သည်။ တည်ဆဲဥပဒေ၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ နှင့် ကိုက် မကိုက် လွှတ်တော်ကစိစစ်ရမည်၊ တင်ရင် အခက်အခဲမရှိ ညီညီညွှတ်ညွှတ် ပူးပေါင်းဆောင်ရွက်ပြီး လွှတ်တော်အတည်ပြုချက်ရမည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း၊ယနေ့ ဆွေးနွေးပွဲတွင် နစ်ဖက်တပ်များလိုက်နာ ရမည့် စည်းမျဉ်း စည်းကမ်းနှင့် ကျင့်ဝတ်များ အောက်ခြေ တပ်အထိ ခိုင်မာမှုရှိစေရန် ဆွေးနွေးခဲ့ကြပြီး ဖောက်ဖျက် မည်ဆိုလျှင်အရေးယူသွားမည်ဟုပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပြည်ထောင်စုအဆင့်လေ့လာ စောင့်ကြည့်ရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ဂဏ္ဍာအောင်က ပြောပါ သည်။NCA အကောင် အထည် ဖော်မှု ဆိုင်ရာ ညှိနှိုင်း အစည်း အဝေး JICM ကို ယနေ့ ညနေပိုင်း အပြီးသတ် ခဲ့ပြီး JICM ၏ အစည်းအဝေး ဆုံးဖြတ် ချက်များ ကို အပြန် အလှန်လဲလှယ်ခဲ့ကြသည်။ RFA Burmese

http://www.rfa.org/burmese

## ထိုင်းနိုင်ငံ လို ရုပ်နီ ရုပ်ဝါ ပြဿနာ မျိုး ရင်ဆိုင် ကြုံတွေ့ရမယ်

19.11.2015

လွှတ်တော်တွင် အများစု အနိုင် ရပြီး ဆိုကာ ၁၉၈၂ နိုင်ငံသား ဥပဒေ ပြင်ဆင်ရေး အဆောတလျင် ကိုင်တွယ်ရန် ကြိုးစား ကြမည် ဆိုလျှင် ထိုင်း နိုင်ငံ ကဲ့သို့ ရုပ်နီ ရုပ်ဝါ ပြဿနာ မျိုး ရင်ဆိုင် ကြုံတွေ့ ရမည် ဆိုသည် ကို ၂၀၁၆ လွှတ်တော်နှင့်အစိုးရကို ကြိုတင်သတိပေးထား သည် ဟု Moe Hein Kyaw facebook မှ တင်ထားသည်။

THURA U SHWE MANN

## အစိုးရသစ်လက်ထက်တွင် တရုတ်-မြန်မာဆက်ဆံရေး စိုးရိမ် ပူပန်စရာမရှိ၊ ပိုမို ကောင်းမွန်နိုင်ဟု ပြည်ထောင်စု လွှတ်တော် နာယက သူရ ဦးရွှေမန်းဆို

18.11.2015

အစိုးရသစ် လက်ထက်တွင် တရုတ်-မြန်မာ ဆက်ဆံရေး အခြေအနေသည် စိုးရိမ် ပူပန်စရာမရှိဘဲ ပိုမို ကောင်းမွန် လာနိုင် ကြောင်းသူရ ဦးရွှေမန်း ယနေ့ ဆင်ဟွာ သတင်းဌာန၏ သီးသန့် တွေ့ဆုံ မေးမြန်းမှုတွင် ပြောကြားသည်။ တရုတ်-မြန်မာ ဆက်ဆံရေးသည် ယခင်ထဲက ကောင်းမွန်ပြီး တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအပေါ်ထားရှိသောသဘောထားသည် မြန်မာနိုင်ငံ ငြိမ်းချမ်းစွာဖွံ့ဖြိုး တိုးတက် စေလိုသည့် ဆန္ဒရှိခြင်း စသည့် စိတ်ကောင်းများကြောင့် မည့်သည့် အစိုးရ တက်တက် နှစ်နိုင်ငံ ဆက်ဆံရေး ပိုကောင်းလာမည် ဖြစ်ကြောင်း ဦးရွှေမန်းက ဆို သည်။ နာယကကြီးမှ တရုတ် ကုမ္ပဏီများ အနေဖြင့်မြန်မာ နိုင်ငံ တွင်း ရင်းနှီး မြှုပ်နှံ ရာတွင် ယခုထက် ပိုမို ပွင့်လင်း မြင်သာစွာ ညှိနှိုင်း ဆွေးနွေး ဆောင်ရွက်လျှင် ရင်းနှီး မြှုပ်နှံမှု ပိုမို ကောင်းမွန်လာနိုင်ကြောင်း၊ပိုးလမ်းမကြီးသည်ကောင်းမွန်သော မူဝါဒ စီမံကိန်း ဖြစ်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှု

အတွက် ပိုမို ကောင်းမွန်စေကြောင်း သုံးသပ် ပြောကြားသည်။ NLD အနေဖြင့် ပြည်သူ အကျိုးဆောင်နိုင်သည့် မူဝါဒအား ကျင့်သုံးမည်ဟု ယုံကြည်ပြီး အခြားပါတီ၊အဖွဲ့အစည်းများနှင့်ပါပူးပေါင်းဆောင်ရွက်မည် ဆိုလျှင် ပိုအဆင်ပြေမည်ဟုငင်းက ဆို သည်။ တာဝန် လွှဲပြောင်းသည့် ကိစ္စတွင် အစိုးရ အနေဖြင့် ပြည်သူ့ဆန္ဒကို ဆန့်ကျင်ရန်မရှိသဖြင့် ပြည်သူများ စိုးရိမ် ပူပန်ရန် မလို ဟု ဦးရွှေမန်းက ပြောသည်။ (Xinhua)

http://www.xinhuamyanmar.com/sino-myanmar/politics/1984-2015-11-18-13-46-24#.VkyBaJEfYdI.facebook

## MILLITARY

### တပ်ချုပ်၏ ညပ်ဒ်၊ ဒီဒွိ ဘင်နှင့် တပ် လွှတ်တော်ကိုယ်စားလှယ် အဓိပ္ပါယ်ဖွင့်ဆိုချက်(ဆောင်းပါး)

19.11.2015

ယနေ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ တပ်ချုပ်က ဥပဒေနှင့်အညီ အချိန်မရွေး ဖြုတ်နိုင်၊အမည်စာရင်းတင်သွင်း ခန့်အပ် နိုင်သော လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံတပုံ အရေအတွက်ရှိ လွှတ်တော်အတွင်းမှ စစ်တပ် ကိုယ်စားလှယ်အမတ်များသည်တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များကိုအမှန်တကယ်ကိုယ်စားပြု သည့် တပ်မတော် အဖွဲ့ အစည်း ၏ ကိုယ်စားလှယ် ( သို့) ကာချုပ် တဦးတည်း ၏ ကိုယ်စားလှယ် ဆိုသော အချက်ကို ကွဲကွဲပြားပြားခွဲခွဲခြားခြားရန်လိုအပ်ပါသည်။အဆိုပါ ပညတ်ပိုင်ရှင် အကြီးအကဲသည် တရားသဘောအရရုတ်တရက် ခန္ဓာ ချုပ်ငြိမ်း ကင်းပျောက် သွားခဲ့လျှင် (သို့) ကွယ်လွန် သွားခဲ့ပြီ ဖြစ်သော ပထမဆုံး ဗိုလ်ချုပ်မှူးကြီး ကဲ့သို့ တာဝန် ထမ်းဆောင်ရင်း ရုတ်တရက်အသိအာရုံချို့ယွင်းပြောင်းလဲသွားခဲ့လျှင် မျက်မှောက်ဥပဒေ သဘောတရား အရအကြီး အကဲခန့်အပ်ခဲ့သည့်ကိုယ်စားလှယ်များသည် လည်းတရားဝင် ဆက်လက် ရပ်တည်ခွင့်မရှိ၊လွှဲအပ်ထားသော တာဝန် မှ ရပ်စဲရမည်ဖြစ်ပါသည်။ပဋိညာဉ်ဥပဒေအခန်း၁၀၊ပုဒ်မ-၂၀၁၊ အကြီးအကဲနှင့် ကိုယ်စားလှယ်ကို ရည်ညွှန်းပါ သည်။ ယင်းသို့ ကိုယ်စားလှယ် လေးပုံတပုံသည် လွှတ်တော် အတွင်းမှ ရုတ်တရက် ချုပ်ငြိမ်းပျောက်ကွယ်သွားမည်ဆိုလျှင် မူလလွှတ်တော်၏ တည်ငြိမ်မှုကိုပါ ထိပါးသွားမည် ဖြစ်ပါသည်။တည်ငြိမ်မှုကို လိုလားသော နိုင်ငံတော် ဖွဲ့စည်း ပုံများ တွင်ပွင့်လင်းမြင်သာစွာဖြင့်အရေးပေါ် အခြေအနေတွင်ဥပဒေနှင့် အညီ အာဏာလွှဲအပ်သည့် အစီအစဉ်များ အသင့် ရေးဆွဲထားပြီး ဖြစ်ကြပါသည်။ ယခု ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ယင်းသို့ မရှိသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အားအများပြည်သူဆန္ဒနှင့် အညီ ပြင်ဆင်ရန် သို့မဟုတ် အသစ် ရေးဆွဲရန် တပ်မတော်နှင့်ပြည်သူတရပ်လုံးအာရုံပြု နလုံးသွင်း ဆင်ခြင်နေကြပါရန် တိုက်တွန်းအပ်ပါသည်ဟု ဆောင်းပါးရှင်နေမင်း မှတင် ပြထားသည်။

http://burma.irrawaddy.org/opinion/viewpoint/2015/11/19/101861.html

## DAW AUNG SAN SU KYI

### ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတကာမှ သံတမန်များတွေ့ဆုံ

19.11.2015

ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲပိုင်းတွင်နိုင်ငံတကာသံတမန်များနှင့်တွေ့ဆုံမည်ဖြစ်သည်လွှတ်တော်ရှိ တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီရုံးခန်းတွင် တွေ့ဆုံမည် ဖြစ်ပြီး စင်ကာပူ ၊ ဩစတြေးလျ အမေရိကန်၊လာအို၊မလေးရှား၊ဘရူနိုင်း၊ဘရာဇီးလ်၊မြောက်ကိုရီးယားစသည့်နိုင်ငံများမှသံတမန်များရောက်ရှိကြပြီး ဖြစ်သည်။နိုင်ငံ ၃၈နိုင်ငံမှသံတမန် ၅၄ ဦး နှင့်တွေ့ဆုံမည်ဖြစ်ရာ အခြားနိုင်ငံများမှသံတမန်များလည်း လာရောက် လျက်ရှိသည်ကိုတွေ့ရသည်။ ဤသို့နိုင်ငံတကာသံတမန်များကို တစုတစည်းတည်းတွေ့ဆုံမှု သည်ရွေးကောက်ပွဲ တွင်  NLD အနိုင်ရပြီးနောက်ပိုင်း ပထမဆုံးတွေ့ဆုံမှု လည်းဖြစ်သည်။

http://www.reuters.com/article/2015/11/19/us-myanmar-politics-idUSKCN0T818J20151119

http://www.reuters.com/article/2015/11/19/us-myanmar-politics-idUSKCN0T818J20151119#oGIw6WySILAkTgO7.97

**Kamayut Media**

**Popular News Journal**

**ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံရသည့်အကြောင်း  ဦးခင်ရွှေ ဆို**

19.11.2015

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်လာလျှင် ရင်းနှီးမြှုပ်နှံသူများနှင့်  တန်းတူ အလုပ်လုပ်နိုင်သည့် ၎င်းတို့ Crony များ နှင့်မည်သူမှမကင်းနိုင်ကြောင်း၊နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စီးပွားရေးကိစ္စများကိုလမ်းဘေးဈေးသည်နှင့် ဆွေးနွေး၍ မရ သောကြောင့်  အမည်ပျက်စာရင်းများမှ Crony များ၏ အမည်ကိုဖယ်ရှားပေးရပါမည်။ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်  နေရာများထဲတွင် ပုံရိပ်မကောင်း ဖြစ်နေခြင်းများ ကို ပြင်ဆင်ဖို့ အရေးကြီးပါကြောင်း တစ်ကမ္ဘာလုံးမှလူတိုင်း ဒေါ်အောင်ဆန်းစုကြည် ကို သိကြသောကြောင့် ထိုအခွင့်အလမ်းကို လက်လွှတ်ခံ၍ မဖြစ်သဖြင့် ၎င်းမှ  ဒေါ်စုကို ယုံကြည်ပြီး NLD မှအစိုးရသစ် ဖွဲ့မည်ကို အမှန် တကယ်ပျော်ရွှင်မိပါကြောင်း  ပြည်ခိုင်ဖြိုး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်ရွှေ ကပြောပါသည်။

The Ladies News Journal

http://www.thithtoolwin.com/2015/11/blog-post_423.html

https://www.facebook.com/News.TheLadies

**ELECTION**

## ရွေးကောက်ပွဲတိုင်တန်းချက်များ မှန်မှန်ကန်ကန် ဖြေရှင်းရန် အမေရိကန်တိုက်တွန်း

19.11.2015

မြန်မာအစိုးရသည် အစိုးရခေါင်းဆောင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကြား နောက်တက်လာမည့်အစိုးရအတွက် အာဏာလွှဲပြောင်းရေး၊ဆွေးနွေးပွဲမလုပ်ခင် တလကျော် အချိန်ယူမည်ဟု ပြောဆိုပြီး ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်နှင့် VOA တွေ့ဆုံမေးမြန်းရာတွင် အချိန်ဇယားနှင့် ပတ်သက်ပြီး စိုးရိမ်စရာ မရှိပါဟု ပြောဆိုလိုက်ပါ သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူမှ ရွေးကောက်ပွဲ ပြဿနာတွေကို ဖြေရှင်းရာမှာ မှုမမှန်မှုများ ရှိနေသည်ဆိုသည့် သတင်းများယခုထိမရရှိသေးပါဟု ပြောပါသည်။ရွေးကောက်ပွဲ တိုင်တန်းချက်များ လက်ခံနေဆဲ ရှိပြီး တိုင်တန်းချက်များ ဖြေရှင်းပေးသည့် နေရာတွင် လျှင်မြန်ပြီး ပွင့်လင်းမြင်သာမှုရှိရန် ၊ ပြေပြေပြစ်ပြစ် ဖြေရှင်းနိုင်ရန် လုပ်ဆောင်ကြရန် ဘက်ပေါင်းစုံကို အမေရိကန်ပြည်ထောင်စု မှ တိုက်တွန်းထား သည်။ အမေရိကန် ပြည်ထောင်စုနှင့် နိုင်ငံတကာ အကဲခတ်များ နီးနီးကပ်ကပ် စောင့်ကြည့်သွားမည် ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဌာန ပြောခွင့်ရသူ John Kirby က VOA ကို ဗုဒ္ဓဟူးနေ့တွင် ပြောဆိုပါသည်။

http://burmese.voanews.com/content/us-burma-election/3064628.html

## ဝန်ကြီး ဦးအောင်မင်းကို အနိုင်ရခဲ့သည့် NLD အမတ်လောင်းနှင့် တွေ့ဆုံခြင်း

**19.11.2015**

ကယားပြည်နယ် ရှားတောမြို့တွင် ရွေးကောက်ခံရသည် NLD မှ ဦးအောင်ကျော်စိုးပြောကြားရာတွင် ၎င်း အနေဖြင့် လွှတ်တော်အမတ်တယောက်ဖြစ်ပြီဆိုသည်ကို ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်သေးကြောင်း၊အကြောင်းမှာရှေ့တွင် ဘာ ဖြစ်ဦးမည်ဆိုသည်ကို မသိသေးကြောင်း၊ယခု လကုန်ပြီး တကယ်သေချာ မှ ယုံကြည် စိတ်ချနိုင်မည်ဟုထင်ပြီး လက်ရှိ အနေအထားရ၊ ဒေသတွင်အလိုအပ်ဆုံး နှင့်အဓိကလုပ်ချင်သည်မှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးကိစ္စဖြစ်ပြီး လွှတ်တော်သို့ ရောက်ခဲ့ရင်လည်း၎င်းကိစ္စကို ပထမဆုံးအဆိုတင်ချင် သည်ဟု ပြောဆိုပါသည်။

http://burma.irrawaddy.org/interview/2015/11/19/101836.html

## PEACE/ARM CONFLICT

## NLD အစိုးရကို ဝန်းရံမည်ဟု တိုင်းရင်းသားလက်နက်ကိုင် ၃ ဖွဲ့ ပြောကြား

18.11.2015

ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်သည့် NLD ပါတီ အစိုးရသစ်ဖြစ်လာမည် ဆိုလျှင် ပြည်တွင်းစစ် ရပ်စဲပြီး ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရန် ဝန်းရံသွားမည်ဟု ရခိုင့်တပ်မတော် AA၊ ကိုးကန့်တပ်မတော် MNDAA နှင့်

တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် PSLF/TNLA အဖွဲ့သုံးဖွဲ့ တို့မှ ပူးတွဲ ကြေညာချက် တစ်စောင် ထုတ်ပြန် လိုက်ပါ သည်။ NLD အနေဖြင့် ရွေးကောက်ပွဲ မတိုင်မီ ပြောထားသည့် အတိုင်း တိုင်းရင်းသား အရေး၊ နိုင်ငံရေးအခြေအနေများ တိုးတက်လာရန် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယူဆသည့် အတွက် ယခုကဲ့သို့ ထုတ်ပြန် ခြင်း ဖြစ်ကြောင်းပြောပါ သည်။

http://www.rfa.org/burmese/news/aa-mndaa-tnla-support-nld-party-11182015113842.html

## SSPP/SSA ကို ငြိမ်းချမ်းရေး ဆွေးနွေးရန် UPWC နှုတ်အားဖြင့် ကမ်းလှမ်းဟု ဆို

19.11.2015

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင် ရေး လုပ်ငန်း ကော်မတီ (UPWC) က ရှမ်းပြည် မြောက်ပိုင်းတပ်မတော် (SSPP/SSA)ကိုငြိမ်းချမ်းရေးဆွေးနွေးရန်နှုတ်အားဖြင့်ကမ်းလှမ်းထားကြောင်း။UPWCအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုဝင်ဘာ ၁၈ ရက်က SSPP/SSA ကို ငြိမ်းချမ်း ရေး ဆွေးနွေးရန် ဖုန်းဖြင့်ကမ်းလှမ်းလာကြောင်း၊ SSPP/SSA အနေဖြင့် တရားဝင်စာဖြင့် ကမ်းလှမ်းမှုကို စောင့်ဆိုင်း နေကြောင်း SSPP/SSA ၏ ဗဟိုကော်မတီဝင် ဖြစ်သည့် စဝ်နော်လိတ်ကရောဝတီကို ပြောသည်။(NCA)လက်မှတ်ထိုးရန်ကမ်းလှမ်းခဲ့ရာတွင် အဖွဲ့ ၈ ဖွဲ့လက်မှတ် ထိုးပြီး ကျန်လက်မှတ် မထိုးသည့် အဖွဲ့တွင် SSPP/SSA လည်း ပါဝင်နေသည်။အစိုးရတပ်နှင့် SSPP/SSAအကြား တိုက်ပွဲဖြစ်ပွား နေသည့် တလကျော် ကာလအတွင်း ရှမ်းပြည်နယ် အတွင်းရှိ တောင်ကြီး၊ မိုင်းရှူး၊ လဲချား၊ နမ့်စန်၊ လားရှိုး၊ မိုင်းနောင်မြို့နယ်များမှ တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင် နေကြရသည့် စစ်ဘေးရှောင်ဒုက္ခသည် ၁၀,၀၀၀ ကျော် ရှိလာပြီဖြစ် သည်။ SSPP/SSA ၏ ပြောရေး ဆိုခွင့်ရှိသူ ဗိုလ်မှူး စိုင်းဆုမှ ပြောရာတွင် အမြန်ဆုံး လာတွေ့ပါဟု ပြောကြောင်း ဘယ်နေ့တွေ့မည်ဆိုသည်ကို အကြောင်း မပြန်သေးဘဲ မရမက ဝင်လာသည့်အစိုးရ စစ်ကြောင်းများ ဆုတ်ပေးမှ အဆင်ပြေနိုင်မည် ဟု ပြောဆိုသည်။နန်းဆိုင်နွမ်

http://mobile.irrawaddy.org/news/2015/11/19/101877.html

## မိုးညှင်းတွင် တိုက်ပွဲပြင်းထန်လာ၍ စာသင်ကျောင်းများ ပိတ်ထားရ

19.11.2015

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အတွင်း အစိုးရ စစ်တပ်နှင့်(KIA) တို့အကြားနိုဝင်ဘာလ ၁၉ ရက်နံနက်မှစတင်၍ မွန်းလွဲပိုင်းတိုက်ပွဲ ပြင်းပြင်းထန်ထန်ဖြစ်ပွားနေသဖြင့်စာသင်ကျောင်းများပိတ်ထားလိုက်ရသည်ဟု(NLD)ကိုယ်စား လှယ်လောင်း ဦးတင်အေး ကပြော သည်။ တိုက်ပွဲ ပြင်းထန် လာသဖြင့် မိုးညှင်းမြို့ အထက်တန်းကျောင်း များနှင့် မူလတန်းကျောင်းများ ပိတ်ထားလိုက်ရပြီး မိုးညှင်းမြို့စွန်များ မှ ဒေသခံများ ဘုန်းကြီး ကျောင်း၊ ခရစ်ယာန်ဘုရား ကျောင်းများ သို့ စုစုပေါင်း (၄၈၈) ဦး ထွက်ပြေးတိမ်းရှောင်နေရသည်ဟုလည်း ၎င်းကပြော သည်။ မိုးညှင်းမြို့နယ် အတွင်း အစိုးရစစ်တပ်မှ နယ်မြေညှင်းလင်းရေး ဟုဆိုကာ KIA တပ်မဟာ ၈ ဌာနချုပ် လက်အောက်ခံ တပ်စခန်း များသို့ ထိုးစစ်ဆင်တိုက်ခိုက်လာသဖြင့် နိုဝင်ဘာလ ၁၄ ရကမှ စတင်၍ တိုက်ပွဲ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ဖနိဒါ

http://mizzimaburmese.com/article/7632#sthash.Ck40cc42.dpuf

## ဝမ်ဟိုင်း ဌာနချုပ် အစိုးရတပ် ထိုးစစ်ဆင်

18.11.2015

ရှမ်းပြည် တပ်မတော် မြောက်ပိုင်း SSPP၊ SSA ရဲ့ ဝမ်ဟိုင်း ဌာနချုပ် ရှိရာသို့ အစိုးရတပ်မှထိုးစစ်ဆင်ကာပတ်ဝန်းကျင် ကျေးရွာများမှ စစ်ဘေး ဒုက္ခသည်များ တိုက်ပွဲများ ကြောင့် ထပ်ပြီး ထွက်ပြေး ခဲ့ ရပါသည်။ ကျေးသီး မြို့နယ် ထဲတွင်လည်း SSPP အစီ အစဉ်ဖြင့် နေရာ ချထားပေးသည့်ဒုက္ခသည် နှစ်ထောင်ခန့် ရှိသည်ဟု ဗိုလ်မှူး စိုင်းလကပြောသည် မိုင်းရှူး၊သီပေါ၊ ကျောက်မဲ၊လဲချား နှင့် လားရှိုး မြို့ဘက် ထွက်ပြေး ကြသူတွေ လည်း ရှိပြီး ဒုက္ခသည် စုစုပေါင်းသောင်းချီရှိနိုင်သည် ဟု ဒုက္ခသည် ကူညီ ဆောင်ရွက် ပေးနေသူ များက  ဆိုပါသည်။

**http://www.bbc.com/burmese/burma/2015/11/151118_sspp_**

## ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ ဆုံဆွေးနွေးရန် အပစ်ရပ် ၈ ဖွဲ့ ဆုံးဖြတ်

17.11.2015

အစိုးရသစ်လက်ထက်တွင် ငြိမ်းချမ်းရေးကိစ္စများ ဆက်လက်ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲအနိုင်ရ NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်များတွေ့ဆုံရန်ဆုံးဖြတ်ထားသည်ဟု NCA အကောင်အထည်ဖော်မှုကော်မတီဂင်ပဒိုစောကွယ်ထူးဂင်းကနေပြည်တော်တွင် ကျင်းပသော JICM အစည်းအဝေးအပြီးတွင်ပြောပါ သည်။ ၎င်းတို့ လေ့လာ ထားချက် အရ NLD သည် ပြည်တွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက်ရှေ့လုပ်ငန်းစဉ်ချမှတ်သည့်အပိုင်းတွင် ပါဝင်သည့်အတွက်ကြောင့်၎င်းကိစ္စကို ဆောင်ရွက်မည်ဟုယုံကြည်ကြောင်း ပြောသည်။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နိုင်ငံရေးပါတီများနှင့် အစိုးရတို့အားလုံးပါဝင်မည့်နိုင်ငံရေးဆွေးနွေးပွဲများဦးဆောင်ကျင်းပသွားမည့် ပူးတွဲကော်မတီအစည်းအဝေးကျင်းပရန် ရှိသည်ဟု MPC မှ ဦးလှမောင်ရွှေ က ပြောပါသည်။

http://www.rfa.org/burmese/news/dassk-meet-ethnic-groups-11172015131114.html

**RAKHINE NEWS**

## မြန်မာနိုင်ငံဆိုင်ရာ အဆိုပြုချက်မူကြမ်း UN ထောက်ခံ

19.11.2015

ကုလသမဂ္ဂ အထွေထွေညီလာခံ ၏ လူ့အခွင့်အရေး တတိယ ကော်မတီမှ  ဗုဒ္ဓဟူးနေ့၌  မြန်မာနိုင်ငံတွင် လူနည်းစုမူဆလင်တွေအပေါ်အစိုးရရဲ့ခွဲခြားဆက်ဆံမှုကိုပြစ်တင်ဝေဖန်လိုက်ပြီး ရိုဟင်ဂျာများကို နိုင်ငံသား ခံယူခွင့်ပြုနိုင်ရန် ၁၉၈၂ နိုင်ငံသားခံယူခွင့် ဥပဒေ ပြင်ဆင်ပေးရန် ဆုံးဖြတ်ချက် မူကြမ်းတရပ်ကို အတည်ပြု သည်။ထို ဆုံးဖြတ်ချက်မူကြမ်းတွင်  ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ ခွဲခြားဆက်ဆံခံနေရခြင်းသည် လူ့အခွင့်အရေး

ကျူးလွန် ချိုးဖောက်ခြင်း ခံနေရနေ သည့် အတွက် စိုးရိမ်မကင်း ဖြစ်သည့် အကြောင်း ထပ်လောင်း ဖော်ပြထားပါသည်။တချိန်တည်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး စီးပွားရေး ပြုပြင်ပြောင်းလဲမှုအပြင်ဒီမိုကရေစီ ဖော်ဆောင်မှု အပါအဝင် ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုဆိုထားပြီး စစ်တပ်နှင့် ရွေးကောက်ခံ လွှတ်တော်ဖွဲ့စည်းသည့် အရပ်သား အစိုးရလက်အောက် အားလုံး အတူတကွ စုစည်း နေထိုင်ကြရန်တိုက်တွန်းထား သည်။ထိုမူ ကြမ်းကို ရှေ့လကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် နောက်ထပ် မဲခွဲဆုံးဖြတ် အတည်ပြု မည် ဖြစ်ပြီး မြန်မာသံအမတ်ကြီး ဦးကျော်တင့် မှ ဆုံးဖြတ်ချက်မူကြမ်းပါ အချက်အလက်များကို **ကန့်ကွက်** ကြောင်း ပြောကြားခဲ့ပြီး ရိုဟင်ဂျာ အသုံးအနှုန်းကိုလည်း ကန့်ကွက်ခဲ့ပါသည် ။ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် နိုဝင်ဘာလ ၈ ရက်ရွေးကောက်ပွဲနှင့် ပတ်သက်ပြီးယခုသီတင်းပတ်အတွင်း ဆွေးနွေးရန် ရှိပါသည်။

http://burmese.voanews.com/content/burma-unga-draft-resolution/3064594.html
http://mizzimaburmese.com/article/7626

## အကြမ်းဖက် ဖောက်ခွဲရေးသမားများ စစ်တွေကို ဦးတည်လာနိုင်သည်ဟု ယူဆမှုကြောင့် လုံခြုံရေးတင်းကြပ်

19.11.2015

နိုဝင်ဘာ ၈အလွန် စစ်တွေမြို့ လုံခြုံရေးကိုယခင်ကထက် ပိုမို ဖြန့်ကြက်ချထားလိုက်ပြီး တပ်မတော်နှင့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ နိုဝင်ဘာ ၁၉ ရက်နေ့ မှစတင်ပြီးတင်းကြပ်စွာစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။လတ်တလောကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်ပြည်တွင်းစစ် နောက်ဆက်တွဲ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်များ စစ်တွေမြို့သို့ ဦးတည်ပြုလုပ်လာနိုင်သည်ဟုယူဆသောကြောင့် ယခုကဲ့သို့ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခြင်း ဖြစ်ကြောင်းခရိုင် ဒုရဲမှူးဦးဝင်းနောင်က RiA ကို ပြောပါသည်။

RIA

MA BA THA

Wira Thu

## "အမျိုးသားရေးနှင့်ပတ်သက်၍ မဘသအဖွဲ့ ဆွေးနွေးပွဲကျင်းပမည်"

18.11.2015

အဓိကကမှာ အစိုးရသစ် လက်ထက်တွင် ဖြစ်ပေါ်လာနိုင်သည့် အမျိုးသားရေးကို နှောင့်ယှက်မည့် အရာများအား မည်သို့ ဆက်လုပ်မည် ကို ယခုကတည်းက စီစဥ်ထားမည် စသည့် အကြောင်းများ ဆွေးနွေးသွားကြမည် ဖြစ်ကာ မျိုးချစ်များ အားလုံး အွန်လိုင်းမှ ဖိတ်ကြားထားသည် ဟု ဒဂုံမြို့နယ် မဘသအဖွဲ့ ဦးဆောင်ဆရာတော် ဦးနေမိန္ဒက မိန့်ကြားသည်။ ကျော်ဝေမင်း

19.11.2015 မန္တလေးအလင်း

## OTHER

### မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်မူဝါဒ ရီပတ်ဘလစ်ကန်အမတ် Rubio ချီးကျူး

19.11.2015

အမေရိကန်သမ္မတ အိုဘားမား  မြန်မာနိုင်ငံနှင့် သံတမန် ဆက်ဆံရေး လမ်းဖွင့်ခဲ့ခြင်းသည် အာဏာရှင်အစိုးရများနှင့် ဆက်ဆံရာတွင် ပိုမို ထိရောက်သည့် ပုံစံတခုဖြစ်သည်ဟု ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် Marco Rubio ကပြောပါသည်။၎င်းသည် ၂၀၁၆ ခုနှစ်အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်ပါတီကိုယ်စားပြုယှဉ်ပြိုင်ခွင့်ရရန် ကြိုးစား နေသူထဲ တွင် တစ်ဦး အပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဖြစ်ပျက်ခဲ့သည့် အရာများ ပြီးပြည့်စုံသည်ဟု ပြောဆိုနေခြင်း မဟုတ်သော်လည်း ထိုကဲ့သို့ လမ်းဖွင့် သောကြောင့် ဒီမိုကရေစီရေးအတွက် အခွင့်အလမ်းအချို့ ပွင့်သွားကာ အတိုက်အခံအုပ်စုများနှင့် စိတ်ကူး စိတ်သန်းများ နိုင်ငံရေးနယ်ထဲ ဝင်ခွင့်လာစေသည် ဟု Mr Rubio ကပြောပါသည်။ကျူးဘားနှင့် ပတ်သက်ပြီးပြောရာတွင် ထိုကဲ့သို့ မဟုတ်ဟုလည်း ပြောသွားသည်။AP

http://burmese.voanews.com/content/what-happened-with-burma-is-prefect-rubio-said/3064904.html

### မြန်မာ လူ့အခွင့်အရေး ကော်မရှင် လွတ်လပ် ထိရောက်မှု မရှိဟု ဝေဖန်ခံရ

19.11.2015

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) သည် လွတ်လပ်မှုနှင့် ထိရောက်မှု မရှိဟု  အရပ်ဘက် လူ့အဖွဲ့အစည်း များနှင့်အာရှဒေသတွင်းဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်း(FORUM-ASIA)တို့ကထောက်ပြပြောဆိုလိုက်သည်။အာရှဒေသ အမျိုးသား လူ့အခွင့်အရေးဆိုင်ရာNGO များ ကွန်ရက်နှင့် မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ အဖွဲ့ (Burma Partnership) တို့ ပူးပေါင်း၍ နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိပြုလုပ်သည့်  MNHRC ၏ ထိရောက်မှုနှင့် အကျိုး သက်ရောက်မှုတို့အပေါ် ဆန်းစစ်သုံးသပ်မှု လုပ်ငန်းစဉ်အပြီးထုတ်ပြန်လိုက်သည့် အစီရင်ခံစာတွင် ယင်းကဲ့သို့ ထောက်ပြထားခြင်း ဖြစ်သည်။မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာအဖွဲ့ဝင် ၁၁ ဦး၊ဝန်ထမ်း ၇ ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ်မတ်လတွင် အတည်ပြုခဲ့ပြီး ယခုလက်ရှိအထိ တိုင်ကြားစာပေါင်း ၁၀၀၀၀ ကျော် လက်ခံရရှိခဲ့ ကာ မြေသိမ်း ယာသိမ်း အမှုများသည် အများဆုံး ဖြစ်ကြောင်း ဒေါက်တာ ခိုင်ခိုင်ဝင်းက ပြောဆို သည်။တင်ထက်ပိုင်

http://www.bbc.com/burmese/burma/2015/11/151118_human_rights_commission

http://www.rfa.org/burmese/news/observers-critize-mnhrc-11182015114112.html

### မြန်မာ့အရေးကျွမ်းကျင်သူ မစ္စတာရှောင်ထာနဲလ်နှင့် တွေ့ဆုံခြင်း ( Interview  ကောက်နှုပ်ချက်)

19.11.2015

ရင်းနှီးမြှုပ်နှံမှုများ အစိုးရသစ် လက်အောက်တွင် ပြည်တွင်းနှင့် ပြည်ပကဏ္ဍ နှစ်ခုစလုံး မြင့်တက် လာမည် ထင်ပြီး ပြည်တွင်း ရင်းနှီးမြှုပ်နှံ သူများ အများကြီးပိုကောင်းသည့် စီးပွားရေးအခြေအနေ တစ်ခုကို ရင်ဆိုင် ကြုံရလိမ့် မည်၊ ပိုပြီး တည်ငြိမ်သည့် နိုင်ငံရေးဝန်းကျင် အခင်းအကျင်းတစ်ရပ် (ရွေး ကောက်ခံမဟုတ်သည့် တာဝန်မခံရ သည့် အာဏာပိုင်များ၏ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး စိတ်မမှန်ရုတ်တရက်စိတ်ပြောင်းလဲတတ်မှုအပေါ် မှာ ချတတ်ကြသည့် အတ္တနောမတိ ဆုံးဖြတ်ချက်များ နောက် ထပ်မရှိတော့သည့် အနေအထား တစ်ရပ်)ကိုလည်းပဲ ရင်ဆိုင်ကြရမည် ။NLD တွင် ထူးချွန်ကောင်းမွန်သည့်စီးပွားရေးအဖွဲ့တစ်ခုရှိပြီး ၎င်းတို့ အိုင်ဒီယာ ကောင်းများစိတ်ကူးအကြံဉာဏ်များကို အောင်မြင်အောင် ဆောင်ကြဉ်းပြီး စိတ်အားထက်သန်ကာ ရဲရင့်သူများဖြစ်သည်။နှစ်ပေါင်း ၅၀ထိထိရောက်ရောက်ဖျက်ဆီးခဲ့သည့်အုပ်ချုပ်မှုတစ်ခုမှအစိုးရသစ်ပြင်ဆင်ရန်အချိန်အများကြီးလိုအပ်ပြီးဦးသိန်းစိန်အစိုးရမှ လမ်းကြောင်းပေါ်ပြန် ရောက်ရန် နည်းနည်းသာလုပ်ခဲ့ရပြီးတဖြည်းဖြည်းနှင့်မြန်မာနိုင်ငံသည်အရှေ့တောင်အာရှ၏ အတောက်ပဆုံး ရတနာ တစ်ပါး နောက်တစ်ခေါက်ဖြစ် လာဦးမည်ဟု ထင်ပါ ကြောင်းမစ္စတာရှောင်ထာနဲလ်ကဖေါ်ပြသွားသည် ။ငြိမ်းငြိမ်းပြည့်

**http://www.7daydaily.com/story/51301**

## ယဉ်ကျေးမှု ကဏ္ဍကို အစိုးရသစ် လှည့်ကြည့်ပေးနိုင်မည် ဆိုလျှင် အတိုင်းထက် အလွန်ဟု ရုပ်သေး ပညာရှင် များဆို

19.11.2015

အစိုးရထောက်ပံ့မှု အား နည်းခဲ့သည့် မြန်မာ့ရုပ်စုံ သဘင် အခန်းကဏ္ဍကို ခေတ်အဆက် ဆက်အထိတိုင် အောင် မြန်မာ့ရုပ် သေးပညာ ရှင်များကဆက်လက်ဖွံ့ ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်စုံ သဘင်အသင်းထံမှ သိရသည်။ **Popular News Journal**

## ရန်ကုန် အခြေပြု လျှပ်စစ် ၊ မြေအောက် ၊ ကောင်းကင် ရထား ပြေးဆွဲရေး စီမံကိန်းများ အတွက် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ကမ်းလှမ်း

18.11.2015

ရန်ကုန်-မန္တလေး မြန်နှုန်းမြင့် လျှပ်စစ် ရထား ပြေးဆွဲရေး စီမံကိန်း၊ ရန်ကုန်မြို့ပတ် မြေအောက် ရထား စီမံကိန်း၊ ရန်ကုန်-မင်္ဂလာဒုံ-ဟံသာဝတီကောင်းကင်ရထားပြေးဆွဲရေး စီမံကိန်းများအတွက်အနာဂတ် မျှော်မှန်းချက်အဖြစ် စိတ်ပါဝင်စားသော ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုကမ်းလှမ်း ဖိတ်ခေါ်နေဆဲ ဖြစ်ကြောင်း ပို့ ဆောင်ရေး ဝန်ကြီးဌာနပြောကြားချက်အရ သိရသည်။ (Xinhua)

http://www.xinhuamyanmar.com/myanmar/science-technology/1979-2015-11-18-10-52-13

**<u>နှစ်စဉ် ဖျက်ဆီးနေသော်လည်း လျော့ကျခြင်းမရှိသည့် ချင်းပြည်နယ်မှဘိန်းခင်းများ ဒီဇင်ဘာတွင် ထပ်မံ ဖျက်ဆီးဦးမည်</u>**

19.11.2015

ချင်းပြည်နယ် တွန်းဇံမြို့နယ်တွင်းမှဘိန်းခင်းများကိုလာမည့်ဒီဇင်ဘာလ၁ရက်နေ့တွင်ရဲတပ်ဖွဲ့မှသွားရောက်ဖျက်ဆီးမည်ဖြစ် ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကပြောသည်။နှစ်စဉ် ဖျက်ဆီးနေကျအတိုင်း ဒီဇင်လာလ ၁ ရက်နေ့မတိုင်ခင် ထိုနေရာသို့ ရောက်အောင်သွား မည်ဖြစ်ပြီး ဒီဇင်ဘာလ ၂၅ရက်နေ့မတိုင်ခင်အချိန်အထိဘိန်းခင်းတို့ကိုဖျက်ဆီးသွားမည် နှစ်စဉ် ဖျက်ဆီးနေမှုဖြစ်ကြောင်း  ရဲမှူးကြီးမြင့် ထွေးကပြောသည်။

https://www.facebook.com/popularnewsjournal/?fref=nf

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။